#Brothers of the Christian Schools (FSC)
#ဒေလာဆာလ်ဘရာသာရ်များအသင်းဂိုဏ်း

ဒေလာဆာလ်ဘရာသာရများအသင်းဂိုဏ်း (De La Salle Brothers)ကို Rheims, France ၌ Fr. John Baptist De La Salle (FSC) က (၁၈၇၂)ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ၁၈၆၀ ခုနှစ်၊ ဧပြီလ(၄)ရက်တွင် ရောက်ရှိလာပြီး အသင်းဂိုဏ်းကို မော်လမြိုင်မြို့တွင် စတင်အခြေချသည်။
မြန်မာနိုင်ငံတွင် ရန်ကုန်၊ ပြင်ဦးလွင်နှင့် ကလောမြို့(၃)နေရာ၌ တာဝန်ထမ်းဆောင်လျက်ရှိပြီး၊ ကျောင်းပေါင်း(၅)ကျောင်းတွင် ဘရာသာရ်အပါး စုစုပေါင်း(၁၈)ပါးရှိသည်။
#အသင်းဂိုဏ်း၏ဆောင်ပုဒ် - Motto- Christian Education Service to the poor though education.
#အသင်းဂိုဏ်း၏လုပ်ဆောင်ချက် - Charism – The Spirit of Faith.

#ဒေလာဆာလ်ဘရာသာရ်အသင်းဂိုဏ်းတည်ထောင်သူနှင့် အသင်း၏နောက်ခံသမိုင်းအကျဉ်း

ဂျွန်းဗတ္တိစ်ဒေလာဆာလ်သည်(၁၆၅၁)ခုနှစ် တွင်ပြင်သစ်နိုင်ငံ ရိမ်း(Reims) မြို့တွင် ချမ်းသာသော အသိုင်းအဝိုင်းမှမွေးဖွားခဲ့သည်။ အသက်(၂၁)အရွယ်တွင် မိဘနှစ်ပါးကွယ်လွန်သွားသောအခါ မိသားစုအရေးအားလုံးနှင့် သူ၏ညီလေးယောက်နှင့် ညီမနှစ်ယောက်တို့၏ ပညာရေးအားလုံးကိုတာဝန်ယူခဲ့ရသည်။ အသက်(၂၇) နှစ်တွင် ရဟန်းသိက္ခာခံယူခဲ့သည်။ ဘုရားသခင်က မိမိအပေါ်လုံးလုံးလျားလျား ယုံကြည်မှုအပြည့်ထားရန် ခေါ်သံကိုနားထောင်လျက် ဒေလာဆာလ်သည်မိမိ၏ အဆောင်အယောင်များဖြစ်သော ရိမ်းကာသီယ်၏ ဘုန်းတော်ကြီးဘွဲ့ကိုလည်းကောင်း၊ သူ၏ မိဘအမွေအားလုံးကို(၁၆၈၃)တွင် ပြင်သစ်နိုင်ငံ၌ ကျရောက်သော ငတ်မွတ်ခေါင်းပါးခြင်းကြောင့် ဒုက္ခရောက်နေသော ဆင်းရဲသားများအားဝေမျှခြင်းဖြင့် သူကိုယ်တိုင် မိမိထံသို့ ပညာသင်ကြားရန် ရောက်လာသောဆင်းရဲသားလူငယ်များ၊ ဘုရားသခင်ထံယုံကြည်မှုအပြည့်ထားရန် သူအမြဲအားပေးလေ့ရှိသော ကျောင်းဆရာများနှင့် ဘဝတူဖြစ်ခဲ့ပြီး မိမိစတင်သော ဘုရား၏လုပ်ငန်းအောင်မြင်ရေးအတွက် လိုအပ်သောစွန့်လွှတ် အနစ်နာခံရန်အသင့်ရှိကြောင်းကို သက်သေပြသခဲ့သည်။

ဒေလာဆာလ်သည် ဆင်းရဲသားကလေးသူငယ်များ ပညာသင်ယူရန်အခွင့်အရေးလုံးဝ မရရှိသည်ကိုမြင်တွေ့ခဲ့ပြီး ထိုလူငယ်လူရွယ်များ၏ ပညာရေးအတွက်ကျောင်း ဆရာများကိုခေါ်ယူစုရုံးပြီး စာသင်ကြားရေးနှင့်ပတ်သက်သော နည်းလမ်းများကို ညွှန်ကြားပြီးဆင်းရဲသား လူငယ်များအတွက် အခမဲ့ခရစ်ယာန်ကျောင်းများတည်ထောင်ခဲ့သည်။ ထိုကျောင်းဆရာများသည် ခရစ်ယာန်ဘရာသာရ်များဟူသောနာမည်ကို ခံယူပြီးအဖွဲ့အစည်းအစပြုခဲ့သည်။ နောင်အခါတွင် ထိုအဖွဲ့အစည်းသည် ဒေလာဆာလ်ဘရာသာရ်ဂိုဏ်းဖြစ်လာသည်။ အမိကက်သလစ် အသင်းတော်မှ (၁၇၈၂)တွင် တရားဝင် ခရစ်ယာန်အသင်းဂိုဏ်းအဖြစ် အသိအမှတ်ပြုခဲ့သည်။

ဒေလာဆာလ်သည်(၁၇၁၉)ခုနှစ်၊ ဧပြီလ(၇)ရက် သောကြာနေ့ကြီးတွင် ကွယ်လွန်ခဲ့သည်။ (၁၉၈၀)ခုနှစ်မေလ (၂၄)တွင် ရဟန်းမင်းကြီးဘက်နဖစ်(၁၄)မှ ရဟန္တာတင်မြှောက်ခဲ့ပြီး(၁၉၅၀)မေ လ(၂၄)တွင် ပုပ်ရဟန်းမင်းကြီးပီအူး(၁၂)မှ ဆရာ/ဆရာမများကို မှိုင်းမသော ရဟန္တာအဖြစ်တင်မြှောက်ခဲ့သည်။ ဒေလာဆာလ်သည် ကမ္ဘာပေါ်တွင် ဆရာအတတ်သင်ကျောင်း

(ဆရာ/မများကိုသင်တန်းပေးခြင်း)ကို စတင်တည်ထောင်သူဖြစ်သည်။ သူသည်သင်ကြားနည်းနှင့် သက်ဆိုင်သော အတွေးအခေါ်ပညာရှင် ဖြစ်သည့်အလျှောက် ခေတ်ဆန်သော သင်ကြားနည်းပညာ (modern pedagogy) ကို တည်ထောင်သူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

သူအစပျိုးခဲ့သောဆန်းသစ်သော ပညာရေးနည်းလမ်းများတွင် အလုပ်လုပ်နေသော လူငယ်များအတွက် တနင်္ဂနွေနေ့သင်တန်းများ ပြင်သစ်နိုင်ငံတွင်ဦးဆုံးသောကျောင်း အဖွဲ့အစည်းများဖြစ် သောဆိုးသွမ်းသောလူငယ်များကို ကြည့်ရှုစောက်ရှောက်မှုကျောင်း၊ စက်မှုလက်မှုကျောင်းများ၊ ခေတ်ဘာသာစကားများ၊ ဝိဇ္ဇာပညာများ (လက်မှုပညာများ)၊ သိပ္ပံဘာသာရပ်များကို သင်ကြားသော အလယ်တန်းကျောင်းများပါဝင်သည်။ ဒေလာဆာလ်၏ လုပ်ဆောင်ချက်များသည် ပြင်သစ်တစ်နိုင်ငံလုံး လျှင်မြန်စွာ ပျံ့နှံ့သွားခဲ့ပြီးသူ သေဆုံးပြီးနောက်ပိုင်းတွင်လည်း တစ်ကမ္ဘာလုံးပျံ့နှံ့လာခဲ့သည်။

ယခုအခါဒေလာဆာလ်မိသားစုကြီးသည် ဒေလာဆာလ်ဘရာသာရ်(၅၀၀၀)ပါး၊ (၈၄၀၀၀)မျှသော ဆရာ/မများနှင့်အတူ နိုင်ငံပေါင်း(၈၀)ကျော်တွင် ပညာရေးနှင့်ပတ်သက်သော ကျောင်းပေါင်း(၁၀၀၀)ကျော်တွင် ကျောင်းသူကျောင်းသားပေါင်း (၉၀၀၀၀၀)ခန့်အား ပညာပေးခြင်းလုပ်ငန်းများကို ဆောက်ရွက်လျက်ရှိကြသည်။ အသင်းတည်ထောင်ခဲ့သူ၏ ခြေရာကိုလိုက်လျက် ယနေ့အထိ ဒေလာဆာလ်အသင်းဂိုဏ်းထဲတွင် ရဟန္တာဘရာသာရ်(၁၃)ပါး သူတော်စင်အဆင့် ဘရာသာရ်(၇၇)ပါးအပြင်၊ တရားတော်အတွက် အသက်ပေးဆပ်ခဲ့ကြသော ဓမ္မအာဇာနည်ဘရာသာရ် (၈၆)ပါးကို မွေးထုတ်ပေးခဲ့သည်။ ပြင်သစ်လူမျိုး ဆရာတော်ကြီး ဘီဂန်းဒက်၏ ဖိတ်ကြားချက်အရမြန်မာနိုင်ငံသို့ ဒေလာဆာလ် ဘရာသာရ်များသည်(၁၈၆၀)ခုနှစ်၊ ဧပြီလ(၄)ရက်နေ့ မော်လမြိုင်မြို့သို့ စတင်ရောက်ရှိကာ မြန်မာပြည်၏ပညာရေး လုပ်ငန်းများတွင် (၁၉၆၅)ခုနှစ်၊ အထိတက်တက်ကြွကြွလုပ်ဆောင်ခဲ့ကြသည်။

#ဘရာသာရ်များ၏ လက်ရှိအဖွဲ့အစည်းဌာနများနှင့် လုပ်ဆောင်လျက်ရှိသော သာသနာလုပ်ငန်းများ

၂၀၁၁ ခုနှစ်၌ မြန်မာပြည်ရှိ ဘရာသာရ်များအုပ်စုသည် အခြားသောတိုင်းပြည်အုပ်စု (၇)ခု၊ ဂျပန်၊ ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်တို့နှင့်အတူ ကမ္ဘာ့အရှေ့တောင်ပိုင်းဆိုင်ရာ ခေါ် LA SALLIAN EAST ASIA DISTRICT အရှေ့အာရှ ဒေလာဆာလ်ဘရာသာရ် များအဖွဲ့အစည်းအား တည်ထောင်ပါဝင်နိုင်ခဲ့၏။ မရမ်းကုန်း၊ အေဒီလမ်းရှိ ကျောင်းကား မြန်မာဘရာသာရ်များ၏ ဌာနချုပ်ဖြစ်သည်။ ဒေသပိုင်အကြီးအကဲ နေထိုင်ရာ နေရာလည်းဖြစ်သည်။ ယနေ့လက်ရှိအချိန်မှာကား ဘရာသာရ်များနေထိုင်ရာ ကျောင်း(၅)ကျောင်းရန်ကုန်၊ မေမြို့၊ ကလောမြို့ များတွင်တည်ရှိ၏၊ သစ္စာခံယူပြီး ဘရာသာရ်(၁၈)ပါး၊ သင်တန်းပြီးစ ဘရာသာရ်အငယ်(၅)ပါး သင်တန်းတက်နေသူတစ်ဦး၊ ပထမအဆင့်သင်တန်းဝင်(၆)ဦး၊ ဝင်လိုသူ(၆)ဦးနှင့် ကလောတွင်ခေါ်တော်မူခြင်းဘဝအား လေ့လာနေသူ လူငယ်(၁၀)ဦးရှိနေ၏။

မြန်မာနိုင်ငံသို့ ဝေလာဆာလ် ဘရာသာရ်များ (၁၈၆၀)ခုနှစ်၌ စတင်ရောက်ရှိခဲ့၏။ တိုင်းပြည်၌ သာသနာ အမှုတော်ထမ်းရွက်နေခဲ့သည်မှာ နှစ်ပေါင်း(၁၅၀)ကျော်ခဲ့ပြီး အသင်းဂိုဏ်းမှ ကုန်လွန်ခဲ့သောနှစ်များအတွင်း ရရှိခဲ့သော ကျေးဇူးတော်များ ပေးသနားခဲ့သော ဘုရားရှင်အား ချီးမွမ်းထောပနာပြုပါ၏။ အနာဂတ်ကာလအား ရှေးရှုတွေးဆလျက် ဘဝနှင့်လုပ်ငန်းများအား လက်တော်သို့အပ်နှံလျက် ဆုတောင်းပါ၏။ ရိတ်သိမ်းသူ အရှင်သခင်မြတ်ဘုရား၊ ကိုယ်တော်၏ ဥယျာဉ်စိုက်ခင်းသို့ လုပ်သားကောင်းများစေလွှတ်ပေးတော်မူပါ။ အာမင်။

လိပ်စာ -

ဒေလာဆာလ်ဘရာသာရ်များကျောင်း

မေခလမ်း၊ မရမ်းကုန်း။

မြို့ပတ်လမ်း၊ ပြင်ဦးလွင်။

#မှတ်ချက် - သစ္စာသုံးပါးခံ သူတော်စင်များနှစ်၊ အမှတ်တရမဂ္ဂဇင်း(၂၀၁၄-၂၀၁၆) တွင်းကူးယူဖော်ပြသည်။

ဒေလာဆာလ်ဘရာသာရ်များသည် ထူးခြားသော ဘဝကိုရပ်တည်ရှင်သန်နေထိုင်နေကြသော သာမညလူပုဂ္ဂိုလ်များဖြစ်သည်။ သူတို့သည် လူငယ်များ၏ပညာရေး (education)၊ ဘဝတွင်လိုအပ်သောလမ်းညွှန်မှုများ (guidance) နှင့် စိတ်ဓာတ်လှုံ့ဆော်မှု (inspiration) လိုအပ်နေသာလူငယ်များအတွက် ဘယ်နေရာတွင်မဆိုသွားရောက်စွန့်စားရန် အသင့်ရှိနေသူများလည်းဖြစ်သည်။ သူတို့သည် မိမိဘဝတစ်ခုလုံးကို လူငယ်များ (အထူးသဖြင့် လူအများစွန့်ပယ်ခြင်းခံရသောသူများ၊ လူမျိုး၊ ဘာသာခွဲခြားမှုမထားဘဲ)၏ လိုအပ်ချက်များကို ကူညီရန်အပ်နှံထားသူများဖြစ်သည်။ ဘဝအခွင့်အရေး နည်းသောလူငယ်များ၏ဘဝတွင် မျှော်လင့်ချက်နှင့် အပြည့်သောဆောင်သောအနာဂတ်ကို ရရှိပိုင်ဆိုင်နိုင်အောင် ဘရာသာရ်များသည် အားထုတ်ကြိုး စားသူများလည်းဖြစ်သည်။
ဒေလာဆာလ်ဘရာသာရ်များသည်မိမိတို့ ဘဝတသက်တာကို ဂတိသစ္စာငါးပါးကိုစောင့်ထိန်းခြင်းဖြင့် သက်ရှင်နေထိုင်ကြရသည်။ ထိုသစ္စာငါးပါးသည် ဘရာသာရ်များအားနေ့စဉ် ဘဝတွင် ဒေလာဆာလ်၏တာဝန်များကိုကြေပွန်စွာ ဆောင်ရွက်နိုင်ရန် အဆင်သင့်ရှိစေယုံမကဘဲ၊ မိမိတို့ ဘဝတစ်လျှောက်ကို အသင်းဂိုဏ်း၏ လုပ်ငန်းတာဝန်များအပေါ် လုံးလုံး အပ်နှံနိုင်အောင် အထောက်အကူပြုလျက်ရှိသည်။ ဒေလာဆာလ်ဘရာသာရ်များသည် (၁)မိမိဘဝကိုလူငယ်များ၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် တခြားသောဘရာသာရ်များနှင့် ပေါင်းစည်းလုပ်ကိုင်ပါ မည်ဟု အပ်နှံထားသည်။

#ဒေလာဆာလ်ဘရာသာရ်များ၏အဓိကရည်ရွယ်သတ်မှတ်ထားသောတာဝန်

အသင်းဂိုဏ်းစတင်တည်ထောင်ကတည်းက ဒေလာဆာလ်ဘရာသာရ်အသင်းဂိုဏ်း၏ အဓိကရည်ရွယ်ချက်သည် လူငယ်လူရွယ်များ (အထူးသဖြင့်ဆင်းရဲသားများ)၏ ပညာရေးဆိုင်ရာလိုအပ်ချက်များနှင့် ဘဝကောင်းကျိုးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ဆင်းရဲသူများဟုဆိုရာတွင် ပစ္စည်းဥစ္စာချို့တဲ့သူများကိုသာမက ပညာရေးတွင် အားနည်းသူများ၊ မေတ္တာတရားဆာမွတ်သူများကိုပါဆိုလိုသည်။ တနည်းဆိုသော် ဘရာသာရ်တစ်ပါး၏ ခေါ်တော်မူခြင်း အသက်တာသည် ဆင်းရဲသူများ၊ ပညာရေးတွင်ချို့တဲ့သူများကို ပညာရည်တိုက်ကျွေးရန် ဆက်ကပ်ထားသည့်အသက်ကာ ဖြစ်သည်။ ဘရာသာရ်များသည် ကာသိုလိပ်အသင်းတော်၏ ယုံကြည်မှုကို ချစ်ခြင်းမေတ္တာ၊ သနားကြင်နာတက်ခြင်း၊ တရားမျှတခြင်းကို ကိုတန်းဖိုးထားခြင်းနှင့် သူတို့၏ လူသားတစ်ဦးခြင်းတွင်ရှိသော လူ့ဂုဏ်သိက္ခာကို လက်ခံယုံကြည်ခြင်းများ အားဖြင့် လက်တွေ့အသက်ရှင်နေထိုင်ရန် ကြိုးစားကြသူများလည်းဖြစ်သည်။